# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
# တိုကျိုမြို့

## ဂျပန်နိုင်ငံ၏ အလုပ်သမား စံချိန်စံနှုန်းများနှင့် သက်ဆိုင်သည့် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ သိရှိလိုပါက ဂျပန်နိုင်ငံ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန၏ Website တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး အဆိုပါဝန်ကြီးဌာနနှင့် ဆွေးနွေးတိုင်ပင်နိုင်ကြောင်း အသိပေးအကြောင်းကြားခြင်း

ဂျပန်နိုင်ငံတွင် လာရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံမှ နည်းပညာ အလုပ်သင် သင်တန်းသားများအနေဖြင့် ဂျပန်နိုင်ငံ၏ အလုပ်သမား စံချိန်စံနှုန်းများနှင့် သက်ဆိုင်သည့် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ သိရှိလိုပါက ဂျပန်နိုင်ငံ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ Website https://www.check-roudou.mhlw.go.jp/ တွင် ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ပြီး အကြံဉာဏ်များ ရယူနိုင်ပါကြောင်း၊ ထို့အပြင် မိမိတို့၏ လုပ်ငန်းခွင်တွင် တွေ့ကြုံနေရသည့် အခက်အခဲများ၊ ပြဿနာများနှင့် ပတ်သက်၍ ဆွေးနွေး တိုင်ပင်လိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်သို့ ခေါ်ဆို၍ ဆွေးနွေးတိုင်ပင်နိုင်ပါကြောင်း ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ အကြောင်းကြားလာပါသဖြင့် သိရှိနိုင် ပါရန် အကြောင်းကြားအပ်ပါသည်-

| အလုပ်သမား စံချိန်စံနှုန်းများနှင့် သက်ဆိုင်သည့် အကြံဉာဏ်များ ရယူလိုပါက | | |
|---|---|---|
| **( Hotline ) နံပါတ်** | **နေ့ရက်** | **အချိန်** |
| ၀၁၂၀-၅၃၁-၄၀၇ | ဗုဒ္ဓဟူးနေ့ | ၁၇:၀၀ နာရီမှ ၂၂:၀၀ နာရီထိ |
| | တနင်္ဂနွေနေ့ | ၉:၀၀ နာရီမှ ၂၂:၀၀ နာရီထိ |
| **လုပ်ငန်းခွင် အခက်အခဲများ၊ ပြဿနာများနှင့် ပတ်သက်၍ ဆွေးနွေးတိုင်ပင်လိုပါက** | | |
| **တယ်လီဖုန်းနံပါတ်** | **နေ့ရက်** | **အချိန်** |
| ၀၅၇၀-၀၀၁-၇၀၇ | တနင်္လာနေ့ | ၁၀:၀၀ နာရီမှ ၁၅:၀၀ နာရီထိ |

မြန်မာသံရုံး၊ တိုကျိုမြို့
၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁၃ ရက်